
" ခေတ်မီသော ဖုတ်ကောင် "
စာရေးသူ - မိုးဇွေ

ကျွန်တော်တို့ လူ့လောကကြီးက တစ်နေ့ထက် တစ်နေ့ ပြောင်းလဲတိုးတက် နေသလိုမျိုး မြင်အပ် မမြင်အပ် ပရလောကကြီးကလည်း လူသားတွေ သတိမထားမိတုန်း တစ်စတစ်စ တိုးတက် လာပြီ ဆိုတာကို စာရေးသူ ကိုယ်တိုင်လည်း ဒီဇာတ်လမ်းကို ကြားပြီးမှ ယုံသွားခဲ့တယ် ...၊ မယုံတဲ့ သူတွေ အတွက်တော့ ဘဝမှာ တစ်ခါမှ မကြားဖူးတဲ့ ချောက်ချားဖွယ်ရာ ပုံပြင်တစ်ပုဒ် ဖြစ်သွားမှာ အသေအချာပေါ့...။

***

## အပိုင်း (၁)

ရန်ကုန် ရွှေမြို့တော်ကြီး၊ မြို့နယ်တစ်ခုရှိ ဆိတ်ငြိမ် ရပ်ကွက်ငယ်တစ်ခုတွင်းမှ လုံးချင်းအိမ်ငယ်လေး တစ်အိမ်တွင် ...။

"ကိုဌေးဝင်းရယ် ... သတိလည်း ထားပါဦး ရှင့်ကြည့်ရတာ ကျွန်မဖြင့် ရင်တလှပ်လှပ်ပဲ ...

မလောကြီးစမ်းပါနဲ့ ရှင်ရယ်... သတိထားပါ "

အိမ်ထောင်သက် ကြာပြီဖြစ်သော်လည်း မည်သည့် နေရာတွင် မဆို

ကိုယ်တိုင်ကိုယ်ကျ ချက်ချင်း လုပ်လိုက်ရမှ စိတ်တိုင်းကျတတ်သူ၊ အသက်အရွယ်အားဖြင့် ၄၀ကျော် ၅၀နီးနီး ရှိနေပြီ ဖြစ်သော်လည်း ကျန်းမာရေး လိုက်စားသူမို့ အရွယ်တင်ကာ ကျန်းမာဖျတ်လတ်သည့် ခင်ပွန်းသည် ဦးဌေးဝင်း တစ်ယောက် အိမ်ခေါင်မိုး... မိုးယိုနေသဖြင့် ခေါင်မိုးပေါ်တက်ကာ မိုးယိုနေသည့် အပေါက်များကို ဖာထေးနေလေသည် ။ ယောက်ျားဖြစ်သူအား ဇနီးဖြစ်သူ ဒေါ်ချိုမာမှ စိတ်ပူတတ်သူပီပီ အောက်မှ လှမ်းအော် ပြောလိုက်ခြင်း ဖြစ်သည် ။

ထိုသို့ ပြောလိုက်သည့် အခါ ဦးဌေးဝင်းမှာ လည်း ...

"အေးပါ မိန်းမရယ်... မင်းကလည်း အစိုးရိမ်ကိုလွန်တယ်... တစ်နေ့ တစ်နေ့ ပူညံပူညံနဲ့ နားတွေ ညည်းလိုက်တာ ..." ဟု စိတ်မရှည်စွာ ပြန်ဖြေသည် ။

"ရှင့်စိတ်ကြီးပဲ ... ကျွန်မက ရှင့်ကို စိတ်ပူလို့ ပြောတာ... သိရဲ့ လား... အဲ့မှာ ရှင်အခု နင်းထားတဲ့ ခေါင်မိုးအစွန်းမှာ မိုးရေတွေ စိုစိုစွတ်စွတ်နဲ့ ပြီးတော့ ဒီခေါင်မိုးတွေက တော်တော်လေး ကြာနေတဲ့ ဟာတွေ ... ရေညှိတွေဘာတွေနဲ့ ရှင့်မှာ လည်း တစ်ခုခုဆို ကိုင်စရာ အားယူစရာတောင် ဘာမှ ရှိတာ မဟုတ်ဘူး ..."

"တော်တော့ဟာ... နင်လုပ်မှ ငါပြုတ်ကျမှာ ... အဲဒါကြောင့် ပြောပါတယ် ... အားကိုးရအောင် သားကို မိဘနဲ့ အတူထားပါဆို မဟုတ်တဲ့ နိုင်ငံခြားတွေလျှောက်ပို့ ... မြန်မာနိုင်ငံမှာ လည်း နိုင်ငံခြားထက်သာတဲ့ အတတ်ပညာရပ်တွေ အများကြီး ရှိပါတယ်...၊ ဟိုက ဘွဲ့ရမှ လူရာဝင်တယ်၊ ပိုက်ဆံ ပိုရှာနိုင်တယ်လို့ ထင်နေတဲ့ မင်းဆန္ဒကို ငါမတားချင်လို့ သာ..."

"ရှင်ဆိုတာလည်း တစ်ထစ်ရှိ ဒါပဲ ပြန်ပြန်ပြောနေ... ကျွန်မလည်း

ကျွန်မသားကို ချစ်တာပေါ့ ဘယ်ခွဲချင်ပါ့မလဲ ... အခုက သူ့ရှေ့ရေးဆို တော့လည်း ၊ တော်ကြာ သားလေးက ရှင်ရှာထားသမျှ ပေါ့ပေါ့နေ ပေါ့ ပေါ့လေး ထိုင်စားပြီး မိဘတွေလည်း မရှိတော့ရော ကျွန်မသား ဘဝပျ က်မှာ ကျွန်မ မလိုလားဘူးရှင့်။

ရေခြား မြေခြားမှာ သူ့ဘာသာသူ ရပ်တည်နိုင်အောင် အခုလို အိမ် လည်း မထောက်ပံ့ပဲ သူ့ကျောင်းသူတက် သူ့ဝင်ငွေသူ အချိန်ပိုင်း အလုပ် လုပ်ပြီး ရှာနေတာမျိုးကို ကျွန်မ လိုချင်ခဲ့တာ ... အနည်းဆုံးတော့ သူ ဘ ဝဆိုတာကြီးကို ကြောက်စရာလို့ မမြင်ပဲ ရင်ဆိုင်စရာတစ်ခု ပြိုင်ပွဲတစ် ခုလို့ မြင်နေတာကိုပဲ ကြည်နူးနေမိတာ ..."

"မိန်းမ မင်းလက်ထဲက သရက်သီးခူးတဲ့ ဝါးလုံး (ချူတံ) နဲ့ အိုးဖာတိ ပ် (သွပ်ပြား ဖာသည့် တိပ် ငွေရောင်) လေး ငါ့ကို လှမ်းပေးစမ်း ... ဒီမှာ တစ်ခု ကုန်သွားပြီဟ အပေါက်တွေက မနည်းမနောပဲ... ဒါကြောင့် ဘု ရားခန်းက မျက်နှာကြက်တွေ ရေယိုနေတာ..."

မိန်းမဖြစ်သူလည်း ယောက်ျား ပြောသည့် အတိုင်း လှမ်းပေးရင် ...

"ကိုဌေးဝင်း ... ရှင် အရမ်းမရဲနဲ့ အသက်ကြီးမှ ကျိုးပဲ့၊ ကွဲပြဲနေဦးမ ယ် ..."

"ငါသိပါတယ်ဟာ ... ဒီဘက် နည်းနည်းလေးတိုး... ငါမီတော့မယ်...
"

အိမ်အောက်မှ မိန်းမဖြစ်သူ ဒေါ်ချိုမာ လှမ်းပေးသည် ကို မမီတမီ ဖြ စ်နေရာမှ ဦးဌေးဝင်း အရဲစွန့်ပြီး လှမ်းအယူတွင် မထင်မှတ်ထားသည့် အဖြစ်အပျက်တစ်ခု ဖြစ်သွားသည် ။

ရဲတင်းလွန်းသည့် ဦးဌေးဝင်း ရေညှိတက်နေသည့် ခေါင်မိုးတစ်နေ

ရာအား မတ်တတ် အနေအထားဖြင့် ခြေတစ်ဖက် အားယူ နင်းလိုက်ရာမှ ချော်သွားပြီး ဟန်ချက်ပျက်သွားကာ ၁၄ပေခန့် အမြင့်မှ အရှိန်ဖြင့် ပြုတ်ကျသွားလေရာ...

"အား ..."

"ဘုန်း..."

"အမလေး..."

အသံနက်ကြီးဖြင့် အောက်ကာ ခေါင်မိုးပေါ်မှ ခြေချော်ကာ ပြုတ်ကျလာသည့် ခင်ပွန်းအား ကြည့်ကာ ဒေါ်ချိုမာ မျက်လုံး မျက်ဆံပြူးသွားကာ စိတ်အပူကြီး ပူသွားပြီး သူမလည်း လန့်အော်မိကာ ယောက်ျားဆီ အပြေးအလွှား သွားလိုက်သည်။

"အမလေး ... လုပ်ကြပါဦး ... ကိုဌေးဝင်း ... ကိုဌေးဝင်း ... သတိထားဦးလေ ... ဟာ... သွေး ... သွေး... သွေး ... တွေ "

ပြောပြောဆိုဆိုနှင့် ယောက်ျားဖြစ်သူကို ပွေ့ဖက်ကာ အော်ဟစ်ငိုနေစဉ်မှာ ပင်... ယောက်ျားဖြစ်သူ ကိုဌေးဝင်းက ဆတ်ခနဲ ပြန်ထထိုင်လာပြီး ...

"ဟင်... ငါ ဘာဖြစ်သွားတာလဲ ... နင်ကရော ဘာလို့ ငိုနေတာလဲ ချိုမာ "

"ဟင်... ရှင်... ရှင် ... ဘာမှ မဖြစ်ဘူးလား... ဘုရားကယ်လို့ ပေါ့တော်ပါသေးရဲ့ ကျွန်မဖြင့် လန့်သွားတာပဲ... နေဦး နေဦး ရှင် အရမ်းမထနဲ့ သွေးတွေ ထွက်နေတယ်..."

မကြာခင်မှာ ပင် အိမ်နီးနားချင်းများမှ အော်သံကြားသည့် အတွက် ပြေးလာကြပြီး ဖြစ်ကြောင်းကုန်စင်ကို သိသည် နှင့် ကိုဌေးဝင်းအား

ဝိုင်းဝန်းသယ်ကြ မကြပြီး အနီးဆုံးဆေးရုံကို သယ်သွားကြသည်။

ဆေးစစ်ချက်အရ ဦးခေါင်းကွဲ ခြေလက် ပွန်းရှသည် မှ လွဲ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း သိလာရသည်၊ လူနာအား အနားယူစေဖို့မှာ ကြားကြသည်။

***